nystateofhealth™
The Official Health Plan Marketplace



# ကျွန်ုပ်တို့အတွက် ကျန်းမာရေးအာမခံကို ကျွန်ုပ်၏ အလုပ်ရှင်မှတစ်ဆင့် ရယူထားသည့်တိုင် ကျွန်ုပ်၏ မိသားစုက ငွေကြေးအကူအညီ ရယူရန် သတ်မှတ်ချက်ပြည့်မီပါသလား။

## မိသားစုကျန်းမာရေးအာမခံ အကျုံးဝင်မှုသည် ကုန်ကျစရိတ်ပို၍သက်သာလာသည်

### NY State of Health မှတစ်ဆင့် ငွေကြေးအထောက်အပံ့ ရရှိရန် သတ်မှတ်ချက်ပြည့်မီမှု စည်းမျဉ်းအသစ်

- ဇန်နဝါရီလ 1 ရက်၊ 2023 ခုနှစ်မှစတင်၍ မိသားစုဝင်များအတွက် ငွေကြေးအထောက်အပံ့ သတ်မှတ်ချက်ပြည့်မီမှုကို ဆုံးဖြတ်သည့်အခါ အလုပ်ရှင်က စီစဉ်ပံ့ပိုးသော မိသားစု အာမခံ၏ ဈေးနှုန်းသက်သာမှုရှိ၊ မရှိအပေါ် အခြေခံ၍ ဆုံးဖြတ်ပါမည်။
- အာမခံကြေးက အိမ်ထောင်စုဝင်ငွေ၏ 9.7 ရာခိုင်နှုန်းထက် နည်းပါက မိသားစုကျန်းမာရေးအစီအစဉ်ကို "ဈေးနှုန်းသက်သာသည်" ဟု ယူဆသည်။
- မိသားစုအာမခံကို ဈေးနှုန်းမသက်သာဟု ယူဆလျှင် မိသားစုဝင်များသည် ငွေကြေးအထောက်အပံ့အတွက် သတ်မှတ်ချက်မီနိုင်သည်။
- ၎င်းသည် ဝန်ထမ်းများအတွက် ဈေးနှုန်းသက်သာခြင်းရှိ၊ မရှိ စစ်ဆေးမှုကို မပြောင်းလဲစေပါ။ ဝန်ထမ်းက ၎င်း၏ အလုပ်ရှင်မှတစ်ဆင့် ဈေးနှုန်းသက်သာသော အာမခံအကျုံးဝင်မှုတစ်ခု (ဝန်ထမ်းသီးသန့်) ကို ရရှိနိုင်ပါက ထိုသူသည် NY State of Health မှတစ်ဆင့် ငွေကြေးအထောက်အပံ့ ရရှိရန် သတ်မှတ်ချက်မီမည် မဟုတ်ပါ။ သို့သော် မိသားစုဝင်များက သတ်မှတ်ချက်ပြည့်မီနိုင်သေးသည်။

### 2023 မတိုင်ခင်အထိ ငွေကြေးအထောက်အပံ့ သတ်မှတ်ချက်ပြည့်မီမှု စည်းမျဉ်း

- 2023 မတိုင်ခင်အထိ ကျန်းမာရေးအာမခံကို တစ်ဦးတည်း (ဝန်ထမ်းသီးသန့်) ၏ အာမခံအတွက်ကုန်ကျငွေအပေါ် အခြေခံ၍ "ဈေးနှုန်းသက်သာသည်" ဟု ယူဆသည်။
- ထိုအချိန်အထိ တစ်ဦး (ဝန်ထမ်းသီးသန့်) အတွက် အကျုံးဝင်သော အာမခံကြေးက ဝန်ထမ်း အိမ်ထောင်စုဝင်ငွေ၏ 9.96 ရာခိုင်နှုန်းထက် နည်းပါက ၎င်းကို ဈေးနှုန်းသက်သာသည်ဟု ယူဆသည်။ မိမိတို့၏ အလုပ်ရှင်ထံမှ ဈေးနှုန်းသက်သာသော ကျန်းမာရေးအာမခံကို ရရှိနိုင်သော ဝန်ထမ်းများသည် NY State of Health အစီအစဉ်၏ ငွေကြေးအကူအညီကို ရယူရန် သတ်မှတ်ချက်မပြည့်မီပါ။
- ဝန်ထမ်းတစ်ဦးက ဤစည်းမျဉ်းအရ NY State of Health မှတစ်ဆင့် ငွေကြေးအကူအညီ ရယူရန် သတ်မှတ်ချက်မမီပါက ထိုဝန်ထမ်း၏ မိသားစုဝင်များသည်လည်း NY State of Health မှတစ်ဆင့် ငွေကြေးအကူအညီ ရယူခွင့် မရှိပါ။ အလုပ်ရှင်တစ်ဦးက စီစဉ်ပံ့ပိုးသော မိသားစုကျန်းမာရေး အစီအစဉ်က အိမ်ထောင်စုဝင်ငွေ၏ 9.61 ရာခိုင်နှုန်းထက် ပိုမိုကုန်ကျသည့်အခါတွင်ပင် ထိုနည်းအတိုင်း ကျင့်သုံးသည်။

### သင် ဘာလုပ်နိုင်သလဲ။

- NY State of Health ငွေကြေးအထောက်အပံ့ ဂဏန်းတွက်စက် ကိရိယာကို သုံးပါ- **https://info.nystateofhealth.ny.gov/estimate-financial-assistance**
- ဤကိရိယာကို အသုံးပြုခြင်းဖြင့် သင် သို့မဟုတ် သင့်မိသားစုဝင်များက ငွေကြေးအထောက်အပံ့အတွက် သတ်မှတ်ချက်ပြည့်မီခြင်းရှိ၊ မရှိ သိနိုင်သည့် ခန့်မှန်းချက်ကို ရရှိနိုင်ပါသည်။ သင် အမှန်တကယ် သတ်မှတ်ချက်ပြည့်မီခြင်းရှိ၊ မရှိကို သင်လျှောက်ထားသည့်အချိန်တွင် ဆုံးဖြတ်ပါမည်။

**သင် သို့မဟုတ် သင့် မိသားစုဝင်များက ငွေကြေးအထောက်အပံ့အတွက် သတ်မှတ်ချက်ပြည့်မီနိုင်သည်ဟု သင် ထင်ပါက NY State of Health သို့ အောက်ပါအတိုင်း ဆက်သွယ်ပြီး လျှောက်ထားရာတွင် အကူအညီ ရယူပါ-**

အွန်လိုင်း- **nystateofhealth.ny.gov**

ဖုန်းဖြင့်- **1-855-355-5777** သို့မဟုတ် **TTY- 1-800-662-1220**

လူကိုယ်တိုင်- အသိအမှတ်ပြုလက်မှတ်ရထားသော လက်ထောက်အကူ၏ အခမဲ့ အကူအညီ

**NY State of Health** သည် တည်ဆဲ ဖက်ဒရယ် နိုင်ငံသားအခွင့်အရေးဥပဒေများနှင့် နိုင်ငံတော်ဥပဒေများကို လေးစားလိုက်နာပြီး လူမျိုး၊ အသားအရောင်၊ နေရင်းဒေသနိုင်ငံ၊ ကိုးကွယ်မှု/ယုံကြည်မှု၊ လိင်၊ အသက်၊ အိမ်ထောင်ရေးအခြေအနေ/မိသားစု အခြေအနေ၊ ဖမ်းဆီးခံရမှု မှတ်တမ်း၊ ပြစ်မှုထင်ရှားစီရင်ခံထားရခြင်း (များ)၊ လိင်ခွဲခြားသတ်မှတ်မှု၊ လိင်စိတ်တိမ်းညွတ်မှု၊ ပင်ကိုယ်မျိုးရိုးဗီဇဆိုင်ရာ စရိုက်လက္ခဏာများ၊ စစ်မှုထမ်းမှုဆိုင်ရာ အခြေအနေ၊ အိမ်တွင်း အကြမ်းဖက်မှုခံရမှု အခြေအနေ နှင့်/သို့မဟုတ် လက်တုံ့ပြန်မှုအပေါ် အခြေခံပြီး ခွဲခြားဆက်ဆံခြင်းမရှိပါ။